ရေယိုကျေးရွာအုပ်စု၊ အိုင်သာ(တဲစု)ကျေးရွာ၊ အရာတော်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၈-၂၀၁၉ ပ(၆)လ)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက
ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ စက်တင်ဘာ လ

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ အရာတော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန


၂၀၁၈ ခု၊ Mini Budget တွင် (VDP)စီမံကိန်းဆောင်ရွက်မည့်

အိုင်သာ(တဲစု)ကျေးရွာ၏ နှစ်အလိုက်ဦးစားပေးစီမံချက်

စဉ်	စီမံချက်(Project)	ဦးစားပေးအဆင့်	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂
၁	ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်း	၁	✓				
၂	အလယ်တန်းကျောင်းအဆင့်မြှင့်တင်ခြင်း	၂		✓			
၃	ရေကျော်(၁)စင်းတည်ဆောက်ခြင်း	၃					✓
၄	နှစ်ရှည်ချေးငွေရရှိရန်	၄			✓		
၅	ရွာတွင်းလမ်းပြုပြင်ရန်	၅				✓	
၆	စိုက်ပျိုးရေးအသိပညာပေးဟောပြောပွဲ	၆					✓

ရေယိုကျေးရွာအုပ်စု၊ အိုင်သာ(တဲစု)ကျေးရွာ၏

ကျေးရွာတွင်း / ပြင်ပ အဖွဲ့အစည်းများပြပုံ



မာတိကာ

မာတိကာ ၁

စကားချီး ၃

(၁) နိဒါန်း ၄

ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

(၂) ကျေးရွာ၏ ပထဝီအနေအထားနှင့် သဘာဝအရင်းအမြစ်များ

၅

(က) တည်နေရာ ၊ ပထဝီအနေအထားနှင့် မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ ၅

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ ပိုင်ဆိုင်မှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) အတန်းပညာကျွမ်းကျင်မှု

(စ) ရပ်ရေးရွာရေး

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

၆

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား-မ ရေးရာ

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေအနေကောင်းများနှင့် အဟန့်အတားများ

၉

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ ၁၀

(က) ဖွံ့ဖြိုးရေးပန်းတိုင်

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

နိဂုံး ၁၁

- အိုင်သာ(တဲစု)ကျေးရွာ သယံဇာတပြမြေပုံ
- အိုင်သာ(တဲစု)ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်
- အိုင်သာ(တဲစု)ကျေးရွာ ကျေးရွာတွင်း/ပြင်ပ အဖွဲ့အစည်းများပြပုံ

နောက်ဆက်တွဲ

- ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ နောက်ဆက်တွဲ (၂)
- ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား နောက်ဆက်တွဲ (၃)
- ဦးစားပေးအဆင့်ခွဲခြားသတ်မှတ်ခြင်း
- အကောင်အထည်ဖော်မည့်နှစ်အလိုက် ဦးစားပေးစီမံချက်များ
- ကော်မတီဝင်များစာရင်း
- ကဏ္ဍအလိုက် အကောင်အထည်ဖော်မည့်နှစ်အလိုက် ဦးစားပေးစီမံချက်များ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈ခုနှစ်(၆)လ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁ -၂၀၂၂ခု ၊ ဘဏ္ဍာရေး
နှစ်အထိ (၅) နှစ်တာ ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံချက်ဖြစ်ပြီး ကျွန်ုပ်တို့
ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာသူ၊ကျေးရွာသားများ ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေး
စီမံချက်ဖြစ်ပါသည်။ စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊
မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးကျေးဇူး
တင်ရှိပါသည်။စီမံချက်များအတွက်အဖက်ဖက်မှဝိုင်းဝန်းကူညီပံ့ပိုးပေးပါသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊
ရာအိမ်မှူးများ ၊ ဆယ်အိမ်မှူးများနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် လူမှုရေးအဖွဲ့အစည်းများ ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် ကျွန်ုပ်တို့ကိုယ်တိုင်
ရပ်ရွာလုပ်ငန်းများ ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သော်လည်း လူထုအင်အားစနစ်တကျ ပူးပေါင်း
ပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိရှိခဲ့ကြပါ။ ကျေးရွာသူကျေးရွာသား
များ စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်နည်းများကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေး
ညှိနှိုင်းလုပ်ဆောင်သည့် အလေ့အကျင့်ကောင်းတစ်ခုကိုရရှိနိုင်အောင်ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး
ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်

ပေးပါသည်။ယခုစီမံကိန်းမှ လုပ်ငန်းစဉ်များကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲ
ရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုများကို သိရှိနားလည်လာရုံသာမက
အခြားဌာနဆိုင်ရာများနှင့် အုပ်ချုပ်ရေးမှူးရုံးကဲ့သို့ အဖွဲ့အစည်းများမှ ကိန်းဂဏန်းအချက်အလက်များ
ရရှိနိုင်သော နေရာများမှလည်း ကောက်ယူနိုင်ခဲ့ကြပါသည်။ ထို့ပြင် ပညာရေး၊ ကျန်းမာရေး ၊ လူမှုရေးစသည့်
တို့နှင့် သက်ဆိုင်သည့် ကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာန
ဆိုင်ရာများမှ သွားရောက်ရယူရန် လိုအပ်ကြောင်းကိုလည်း သိရှိနားလည်ခဲ့ပါသည်။

ယခုရေးဆွဲထားသော စီမံချက်သည် ပြီးပြည့်စုံသည်ဟု မဆိုနိုင်ပါ။ ဘက်ပေါင်းစုံမှ ထပ်မံရရှိသည့်
ကိန်းဂဏန်းအချက်အလက်များကို ထပ်မံဖြည့်စေးနိုင်မည်ဆိုပါက ပိုမိုကောင်းမွန်လာမည်ဖြစ်ပါသည်။
ဤလုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုအား နှစ်အလိုက်
ပေါ်ပေါက်လာသည့် အခက်အခဲများပေါ်မူတည်၍ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို
မူဘောင်အတွင်းမှ ပြုပြင်ပြောင်းလဲမှုများကို ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်ပါသည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်
အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ၊ ရာအိမ်မှူးများနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး
ဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း
ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက်
ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

၂၀၁၈ခုနှစ်၊ စက်တင်ဘာလ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အိုင်သာ(တဲစု)ကျေးရွာ

အရာတော်မြို့နယ်

၁။ နိဒါန်း

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျေးရွာလူထု၊ ဦးစီးဌာန၊
နိုင်ငံတော်/မိတ်ဖက်အဖွဲ့အစည်းများနှင့် တိုင်ပင်

ဆွေးနွေးညှိနှိုင်းပြီး
ကျေးလက်နေပြည်သူများ၏လူမှုစီးပွားဘဝလိုအပ်ချက်၊ကျေးရွာသူ/သားများဖြစ်ချင်သောဆန္ဒကို

ကျေးရွာသူ/သားများကိုယ်တိုင်စီမံချက်ရေးဆွဲခြင်း၊ပါဝင်ဆွေးနွေးခြင်းဖြင့်
အောင်မြင်သောစီမံကိန်းတစ်ရပ်ဖြစ်တည်

လာအောင် ဖော်ဆောင်သည့် အစီအစဉ်ဖြစ်ပါသည်။

ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

ကျေးရွာဖွံ့ဖြိုးရေးကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာသူရွာသားများကိုယ်တိုင်
ပါဝင်ခဲ့ကြ

သည်။မူလကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင် အတွေ့အကြုံမရှိသဖြင့်
အောင်မြင်စွာရေးဆွဲနိုင်ခဲ့ခြင်းမရှိပေ။ယခု

နိုင်ငံတော်၏အကူအညီဖြင့်ရေးဆွဲရာတွင်ပန်းတိုင်ရောက်ရှိရန်
လမ်းစပေါ်ပေါက်ခဲ့ပါသည်။ကျေးရွာရှိအုပ်ချုပ်ရေးမှူး၊

လူမှုကူညီရေးအဖွဲ့အစည်း၊ နာယကအဖွဲ့အစည်း လူကြီးမင်းများနှင့် ညှိနှိုင်းတိုင်ပင်ကာ
ကျွန်တော်တို့အဖွဲ့အစည်းမှ

ရှေ့သို့
တက်လှမ်းနိုင်ခဲ့ပါသည်။ယခင်ဖွဲ့စည်းပုံနှင့်ကျေးရွာတိုးတက်ရေးမှာနှေးကွေးစွာကြန့်ကြာသည့်အပြင်
လူမှုရေး၊

စီးပွားရေး၊ အခြားကဏ္ဍများမှာ ပွင့်လင်းမြင်သာမှုမရှိဘဲ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးသည်
တစ်နှစ်ပြီးတစ်နှစ်

နောက်ကျကျန်ရစ်ခဲ့ပါသည်။လက်ရှိကျေးရွာအား ဖွံ့ဖြိုးတိုးတက်နိုင်စေရန် နိုင်ငံတော်ကို
တင်ပြနိုင်ခဲ့ခြင်းဖြစ်ပါသည်။

ကျေးရွာ၏ စီးပွားရေးအင်အားမရှိသည့်အလျောက် တိုးတက်ရေးအပိုင်းတွင် စီမံကိန်းရေးဆွဲသလောက် ဆောင်ရွက်

နိုင်ခြင်းမရှိခဲ့ပေ။အဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များနှင့် လက်တွဲပူးပေါင်းကာ လမ်းညွှန်ထားသည့် စည်းကမ်း

ချက်များနှင့် ကိုက်ညီနိုင်စေရန် ကြိုးစား၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ
ကိန်းဂဏာန်းသတင်းအချက်အလက်များပြုစုရန်

အရေးကြီးပုံကို အလေးထားမိပါသည်။ ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို အကောင်အထည်ဖော်ရန်နှင့်

အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ကျွန်တော်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ
အကူအညီများကို စုစည်း

ဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်၊ အစိုးရအဖွဲ့အစည်း

များသို့ တင်ပြမည်ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့်
ကျွန်တော်တို့ကျေးရွာနှင့်

ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့်
ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့

၏ သုတေသနလုပ်ငန်းများကို စိစစ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

ယခင်ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း
ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သော

ငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့် အကူအညီများကို အခြေခံကာ
ဦးစားပေးစီမံကိန်းများ

ချမှတ်ခဲ့ပါသည်။ ယခုအခါ ယခင်ကဲ့သို့ မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့်ရေးဆွဲပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊
နည်းပညာအခက်အခဲများရှိပါသည်။သို့ဖြစ်ပါ၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်တော်တို့ကျေးရွာဖွံ့ဖြိုးရေး
လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းပေးနိုင်မည့် စီမံကိန်းများကို ဦးစားပေးဆောင်ရွက်ပါ
သည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သောအရင်းအနှီးများ ပြည်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့
ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ကျေးရွာ၏ ပထဝီအနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ပထဝီအနေအထားနှင့် မြေမျက်နှာသွင်ပြင်အနေအထား

အိုင်သာကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊မုံရွာခရိုင်၊အရာတော်မြို့နယ် မုံရွာ-ရွှေဘိုကားလမ်း၏
အနောက်ဘက်တွင် တည်ရှိပါသည်။ အရာတော်မြို့နယ်၏ အနောက်ဘက်ပိုင်း အကျဆုံးဖြစ်ပါသည်။ အရာတော်မြို့
နှင့် ဆက်သွယ်သွားလာရေး လွယ်ကူချောမွေ့ပါသည်။ကျေးရွာသည် မြေပြန့်ဒေသတွင်ရှိပြီး ၊မြေဆီလွှာ အနေအထား
မှာ အသင့်အတင့်ရှိပါသည်။ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ သနပ်ခါး၊ လျှော်ဖြူ ၊ ထန်းနှင့် တပိုင်တနိုင်
မွေးမြူရေးလုပ်ငန်းများလည်း လုပ်ကိုင်ကြပါသည်။

(ခ) သဘာဝအရင်းအမြစ်

မြေဆီ၊ မြေဩဇာကောင်းမွန်မှု အသင့်အတင့်ရှိသောကြောင့် ဒေသနှင့်ကိုက်ညီမည့် အခြားစျေးကွက်
ကောင်းမွန်သော သီးနှံများ စိုက်ပျိုးရေးအတွက် မျိုးစေ့ရရှိရေး ၊ စိုက်ပျိုးရေး အသိပညာဗဟုသုတများရရှိပါက
သီးနှံများအား ပိုမိုစိုက်ပျိုးလာနိုင်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။ သဘာဝသယံဇာတများမှာ သဲနှင့်

ကျောက်စရစ်များရှိပါသည်။ အဓိကစိုက်ပျိုးသီးနှံမှာ ပဲစဉ်းငုံ၊ သနပ်ခါး ၊ လျှော်ဖြူစသည့်သီးနှံများစိုက်ပျိုးပြီး ထန်း

လုပ်ငန်းများလည်း လုပ်ကိုင်ကြပါသည်။

၃။ ကျေးရွာ၏ လူမှုရေးဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များကောက်ယူရာတွင် အိမ်ထောင်စုပေါင်း(၂၅၈)စုရှိ၍

ကျား (၆၁၉)ဦး၊ မ (၆၆၉)ဦး ရှိပြီး စုစုပေါင်း လူဦးရေ(၁၂၈၈) ဦးရှိပါသည်။ တစ်အိမ်ထောင်လျှင်ပျမ်းမျှ (၅) ဦးနှုန်း

ရှိသည်။ကျေးရွာတွင် ဗမာလူမျိုးများ အများဆုံးနေထိုင်ပြီး အလုပ်လုပ်နိုင်သည့်အရွယ်သည် ကျေးရွာလူဦးရေအားလုံး

၏(၆၈.၄၇%)ရှိပြီး အမျိုးသမီးများမှာ အမျိုးသားအရေအတွက်ထက်(၅၀)ဦးများသဖြင့် အမျိုးသမီးများဦးဆောင်ပြီး

လုပ်ကိုင်နိုင်သည့် လုပ်ငန်းများကိုပါ ထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များကို ဖန်တီးပေးနိုင်ပါက လူစွမ်းအား

အရင်းအမြစ်ကို ထိရောက်စွာ အသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမိုအထောက်အကူ ပြုလာနိုင်စေမည်

ဖြစ်ပါသည်။

(ခ) စီးပွားရေးအခြေအနေပိုင်ဆိုင်မှု

စိုက်ပျိုးရေးလုပ်ငန်းသည် အဓိကဝင်ငွေရ စီးပွားရေးလုပ်ငန်းဖြစ်ပြီး ဝင်ငွေအနေအထားမှာ အသင့်

အတင့်သာ ရှိပါသည်။ ကျေးရွာတွင် ယာမြေအများစုမှာ မိုးကောင်းရေသာ အားထား၍ စိုက်ပျိုးနိုင်သောကြောင့် စီးပွားရေးအသင့်အတင့် ကောင်းပါသည်။ ကျေးရွာတွင် ပြေလည်သော အိမ်ထောင်စုနည်းပြီး ၊ မပြေလည်သော အိမ်ထောင်စု အများအပြား ရှိပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့များ အသင့်အတင့်ရှိပြီး ရာသီအလိုက် ကျပန်းလုပ်ငန်းများလည်း လုပ်ကိုင်

ကြကာ စီးပွားရေးပြေလည်မှု မရှိသောကြောင့် အခြားဒေသများသို့လည်း အလုပ်အကိုင်ရှာဖွေ၍ သွားရောက်လုပ်ကိုင်

ကြပါသည်။ တစ်ခါတစ်ရံ မိုးခေါင်ခြင်းများလည်း ကြုံတွေ့ရပြီး စားနပ်ရိက္ခာမပေါများသော်လည်း နေ့စဉ်စားဝတ်

နေရေးအဆင်ပြေစေရန်အတွက် ရုန်းကန်လုပ်ရှားကြရပါသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ကျေးရွာသူ / သားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ပြီး ကူးစက်

ရောဂါဖြစ်ပွားမှုနည်းပါးပါသည်။ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ဝါးတောမကျေးရွာ ကျေးလက်ကျန်းမာရေးဌာန

သည် (၂) မိုင်ခန့် ကွာဝေးပြီး၊ (၁၀) မိုင်ကျော်ကွာဝေးသော အရာတော်မြို့ပြည်သူ့ဆေးရုံကြီးတွင်လည်း ဆေးကုသမှု

ခံယူရပါသည်။ ကျေးရွာရှိရွာသူ/သားများသည် ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများကို အချိုးညီမျှစွာ မစား

သုံးတတ်ခြင်းကြောင့် သွေးတိုးရောဂါဖြစ်ပွားမှုများပါသည်။ကာကွယ်ခြင်းသည် ကုသခြင်းထက်ပို၍ထိရောက်ကြောင်း

ကို နားမလည်ကြကြောင်း တွေ့ရှိရပါသည်။ မိုးရာသီတွင် ဝမ်းပျက်၊ ဝမ်းလျှောရောဂါအနည်းငယ် ဖြစ်ပွားကြပါသည်။

အာဟာရအနေဖြင့် ကျေးရွာအခြေခံပညာမူလတန်း(လွန်) ကျောင်း၌ ကျောင်းသား/သူများအား အာဟာရ တိုက်ကျွေး

ခြင်းလုပ်ငန်းများအား ဆောင်ရွက်ပေးပါသည်။

(c) အတန်းပညာကျွမ်းကျင်မှု

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် မူလွန်အဆင့်သာ ရှိပါသည်။ ကျေးရွာသူ / သားများသည်

အခြေခံအရေး ၊ အဖတ် ၊ အတွက် တတ်မြောက်ကြပြီး ဘွဲ့ရ အရေအတွက်မှာ အလွန်နည်းပါးပါသည်။ အချို့ရွာသူ

ရွာသားများမှာလည်း စာပေဗဟုသုတများ လေ့လာရန်အတွက် ကျေးရွာစာကြည့်တိုက်တွင် စာပေများ လေ့လာ

ကြပါသည်။ မျိုးဆက်သစ်ကျောင်းသား/သူများကလည်း စာပေတတ်မြောက်ရန်အတွက်အခြေခံပညာရေးကို ကျေးရွာ

တွင်းရှိ မူလတန်း(လွန်)ကျောင်း၌ တက်ရောက်သင်ကြားနေကြပါသည်။ သို့သော် အသက်မွေးဝမ်းကျောင်းလုပ်ငန်း

များဆိုင်ရာ ကျွမ်းကျင်မှုများမှာ အသင့်အတင့် တတ်မြောက်ကြသော်လည်း လူငယ်လူရွယ်များအတွက် ကျွမ်းကျင်မှု

အခြေခံသည့် အလုပ်အကိုင် အခွင့်အလမ်းများသည်လည်း နည်းပါးလျက်ရှိကြောင်း တွေ့ရှိရပါသည်။

(စ) ရပ်ရေးရွာရေး

ကျေးရွာ၏ရပ်ရေးရွာရေးလုပ်ငန်းများကို အဖွဲ့အစည်းပေါင်းစုံမှ ပုဂ္ဂိုလ်များ ဦးဆောင်၍ လုပ်ကိုင်

ဆောင်ရွက်နေကြပါသည်။ ရွာသူ/သားများမှာလည်းမည့်သည့်လုပ်ငန်းကိုမဆို ဝိုင်းဝန်းလုပ်ကိုင်ကြသော်လည်း အဖွဲ့

အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့ချိတ်ဆက်ဆောင်ရွက်မှု အားနည်းပါသည်။အမျိုးသမီးများမှာ အိမ်ထောင်ဦးစီးများ၏

ဝင်ငွေကို မှီခိုနေရခြင်း၊ ကျေးလက်တောရွာများတွင် ယဉ်ကျေးမှု အဟန့်အတား အယူအဆ အစွဲအလမ်းကြီးခြင်းများ

ကြောင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်သော်လည်း ခေါင်းဆောင်မှုနေရာမရပါ။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင်

ဖွံ့ဖြိုးရေးလုပ်ငန်း၊အများနှင့်ဆိုင်သောသာရေးနာရေးလုပ်ငန်းကိစ္စများကိုပရဟိတအဖွဲ့၊

ဂေါပကအဖွဲ့၊ လူငယ်အဖွဲ့၊ တူရိယာအဖွဲ့၊ ရေကော်မတီ၊ ကျောင်းကော်မတီနှင့်

ဝေယျာဝစ္စအဖွဲ့တို့မှဝိုင်းဝန်းဆောင်ရွက်

ကြပါသည်။ ပြင်ပမှ အသေးစားချေးငွေအဖွဲ့များနှင့် အစိုးရမဟုတ်သော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၏

ဦးဆောင်မှုဖြင့်

ဖွဲ့စည်းထားသော ကျေးရွာအဖွဲ့အချို့ရှိသော်လည်း သက်ဆိုင်ရာစီမံချက်လုပ်ငန်း

အကောင်အထည်ဖော်ရုံသဘောမျှ

သာ ဖွဲ့စည်းထားသည့် ပုံစံဖြစ်ပါသည်။သို့သော် ပြင်ပမှအသေးစားချေးငွေအဖွဲ့များနှင့်

အစိုးရမဟုတ်သော ဖွံ့ဖြိုးရေး

အဖွဲ့အစည်းများ၏လုပ်ဆောင်မှုအားကောင်း၍ လုပ်ငန်းများလုပ်ကိုင်ရာတွင်

အရင်းအနှီးရသည့်အတွက် အဆင်

ပြေကြောင်းတွေ့ရသည်။ ခြုံငုံ၍သုံးသပ်ရလျှင် သာရေးနာရေးကိစ္စများဆောင်ရွက်ရန်

မိရိုးဖလာဖွဲ့စည်းထားသော

အဖွဲ့အစည်းများက အားကောင်းကြပြီး ကျေးရွာဖွံ့ဖြိုးရေးကို စီမံကိန်းချ၍ ရေရှည်ဆောင်ရွက်နိုင်မည့်

အဖွဲ့အစည်း

စနစ်မရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာ၏အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်း

ဖြစ်သည်။ကျေးရွာ၏အဓိကစိုက်ပျိုးသီးနှံ

သည် ပဲစဉ်းငုံ၊ နှံစားပြောင်း၊ ပဲနီနှင့် မြေပဲကိုလည်း စိုက်ပျိုးကြပါသည်။ ကျေးရွာတွင်

စိုက်ပျိုးယာမြေ(၁၀၂၃.၅) ဧက

ရှိပြီး တစ်နှစ်လျှင် ပဲစဉ်းငုံတင်းရေ(၄၀၀) တင်းထွက်ရှိပြီး မြေပဲအထွက်နှုန်းမှာ တင်းရေ (၁၅၀၀)တင်း ထွက်ရှိ

ပါသည်။ ပဲစဉ်းငုံနှင့် ပဲအမျိုးမျိုးသည်
ဈေးကောင်းရရှိမှုနည်းသောကြောင့်အကျိုးအမြတ်ရရှိမှုနည်းပါးသည်။ ဥယျာဉ်

ခြံမြေအဖြစ် သနပ်ခါးကိုလည်း စိုက်ပျိုးကြပါသည်။မိရိုးဖလာစိုက်ပျိုးလာသော သီးနှံများကိုသာ စိုက်ပျိုးနိုင်ကြပြီး

အခြားဈေးကွက်ဝင်သီးနှံ ရွေးချယ်စိုက်ပျိုးနိုင်ခြင်း မရှိပါ။ တောင်သူများ သီးနှံထုတ်လုပ်မှုသည် ဝင်ငွေနည်းသည့်

အတွက် သီးနှံထုတ်လုပ်မှုတွင် လုပ်သားရှားပါးလာပါသည်။နွားမွေးမြူရေးနှင့် ကြက်၊ဝက်များကို စီးပွားဖြစ် မွေးမြူ

ကြသူ အနည်းငယ်ရှိပါသည်။ စက်ယက္ကန်း / လက်ယက္ကန်းရက်လုပ်ခြင်းများကိုလည်း တစ်နိုင်တစ်ပိုင် လုပ်ကိုင်ကြ

သော်လည်း ဈေးကွက်နှင့်လက်လှမ်းမှီမှု ၊ နည်းပညာအသစ်အဆန်းရရှိမှု အားနည်းနေပါသည်။

(ဂ) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

ကျေးရွာတွင် ကျေးရွာသူ / သားများအားလုံးသည်
သန့်ရှင်းသောသောက်သုံးရေသုံးစွဲနိုင်ရန် အဝီစိ

ရေတွင်းနှင့် အုတ်ရေကန်ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဆောက်လုပ်ပေးထားသဖြင့် အိမ်ထောင်စု

တိုင်း သုံးစွဲနိုင်ကြသည်။

ကျေးရွာတွင် မူလတန်း(လွန်)ကျောင်း ရှိပါသည်။ **စာသင်ကျောင်းဆောင်များမှာ လုံလောက်မှုရှိသော်လည်း**

ကျောင်းဆောင်သစ်အဆောက်အဦးမှာ ငွေကြေးလုံလောက်မှုမရှိသဖြင့် တံခါး၊ ပြူတင်းနှင့် အချောကိုင်ခြင်းလုပ်ငန်း

များ ဆောင်ရွက်နိုင်ခြင်းမရှိပါ။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအတွက် မီးလင်းရေးလုပ်ငန်းဆောင်ရွက်ရန် ကျေးရွာ

အိမ်ထောင်စုများမှ စိုက်ထုတ်ထည့်ဝင်ပြီး မြို့နယ်လျှပ်စစ်ဌာနသို့ တင်ပြ၍
ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးလင်းရေး

ဆောင်ရွက်နေပါသည်။ ယခုအခါ ကျေးရွာအိမ်ထောင်စုများမှ သတ်မှတ်ထည့်ဝင်ထားသော ငွေကြေးအနေဖြင့်

ပြည့်မှီအောင် ထည့်ဝင်နိုင်ခြင်းမရှိသေးသောကြောင့် လျှပ်စစ်မီးကြိုးများ လိုင်းဆွဲသွယ်တန်းနိုင်ရန် အခက်အခဲ ရှိနေ

ပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ငွေကြေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်သော ချေးငွေကို မြန်မာ့

လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုး/ဆောင်းဘဏ်ချေးငွေများအား နှစ်စဉ်နှစ်တိုင်း ထုတ်ချေးပေးလျက်ရှိရာ တစ်ဧကလျှင်

(၅၀၀၀၀) ကျပ်နှုန်းဖြင့် ထုတ်ချေးပါသည်။ အခြား အသေးစားချေးငွေဝန်ဆောင်မှုအနေဖြင့် ပြည်ပချေးငွေဖြစ်သည့်

Pact Myanmar အဖွဲ့အစည်းသာရှိပါသည်။

(င) ပညာရေး

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အသင့်အတင့်သာရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာသူ/

သားအများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်အချက်တို့ကို တတ်မြောက်ကြပြီး တက္ကသိုလ်ပညာရပ်များဖြင့်

ဘွဲ့ရသူများလည်း ရှိပါသည်။ ကျေးရွာတွင် အခြေခံပညာအထက်တန်းကျောင်းမရှိသောကြောင့် ရေယိုကျေးရွာ

အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပညာသင်ကြားရပါသည်။

(စ) ကျန်းမာရေး

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါဖြစ်ပွားမှု

နည်းပါးသည်။ နှစ်စဉ်မိုးရာသီတွင် ကလေးသူငယ်များ သွေးလွန်တုပ်ကွေးဖြစ်ပွားတတ်ပြီး လူငယ်လူကြီးများတွင်

မိုးရာသီတုပ်ကွေးရောဂါ ကူးစက်ခံရလေ့ရှိသည်။ မိသားစုဝမ်းစာအတွက် နေ့စဉ်ဝင်ငွေရရှိအောင် အလုပ်အကိုင်

အထိုက်အလျောက် လုပ်ကိုင်ကြသည့်အတွက် အသင့်အတင့်အဆင်ပြေပြီး ကျေးရွာအိမ်ထောင်စုဝင်များ၊ ကလေး

သူငယ်များအပါအဝင် ယေဘုယျအားဖြင့် အာဟာရခါတ်ချို့တဲ့မှု မရှိကြပါ။ အမျိုးသမီးများအတွက် ကျန်းမာရေး

စောင့်ရှောက်မှုကို ကျေးရွာနှင့် (၇)မိုင်ကွာဝေးသော နောင်ကြီးအိုင်ကျေးရွာတိုက်နယ်ဆေးရုံမှ ရရှိကြသည်။ ကလေး

သူငယ်များအတွက် ကျန်းမာရေးကာကွယ်ဆေးတိုက်ကျွေးသော အစီအစဉ်များကို ကျန်းမာရေးဌာနမှ နှစ်စဉ်

ဆောင်ရွက် ပေးပါသည်။

(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာမှယာမြေများသည် နှစ်စဉ် နှမ်း၊ ပြောင်း၊ ပဲအမျိုးမျိုးတို့ စိုက်ပျိုးကြပြီး ဓါတုဗေဒကွန်ပေါင်း

ဓါတ်မြေဩဇာများအသုံးပြုခြင်း၊ သဘာဝသစ်ဆွေးမြေဩဇာများ နှစ်စဉ် မထည့်သွင်းနိုင်ခြင်းတို့ကြောင့် မြေဆီလွှာ

ပျက်ယွင်းမှုများနှင့် ကြုံတွေ့နေရပါသည်။ဥယျာဉ်ခြံမြေတွင် စိုက်ပျိုးသော နှစ်ရှည်ပင်များသနပ်ခါးတွင် ပိုးသတ်ဆေး

များ အသုံးပြုရသောကြောင့် သဘာဝပတ်ဝန်းကျင်ကို အနည်းငယ်ထိခိုက်မှုရှိပါသည်။ပိုးသတ်ဆေးများ အသုံးပြုရာ

တွင် ဓါတ်ကြွင်းအန္တရာယ်လျော့ပါးခြင်းအတွက် ဘေးကင်းလုံခြုံမှုရှိရန် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်

ခြင်းတွင် အားနည်းနေသေးကြောင်း တွေ့ရှိရပါသည်။

(၉) ကျား-မ ရေးရာ

ကျားမဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများက ဦးဆောင်

လေ့ရှိသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ အဝတ်လျှော်၊ ရေခပ်၊ ကလေးထိန်း

ခြင်းစသောကိစ္စများဆောင်ရွက်သည်။စိုက်ပျိုးရေးလုပ်ငန်းတွင် အမျိုးသမီးများသည် ပေါင်းနုတ်ခြင်း၊အမှိုက်ကောက်

ခြင်းများလုပ်ကိုင်ကြပြီး အမျိုးသားများသည် လယ်ထွန်ခြင်း ၊ ချုံနွယ်များ ရှင်းလင်းခြင်းစသည့် လုပ်ငန်းများ

လုပ်ကိုင်ကြသည်။ ဘာသာရေးအထိမ်းအမှတ် ရိုးရာယဉ်ကျေးမှုပွဲတော်များတွင် (ရှင်ပြုအလှူပွဲများ ကျင်းပခြင်း၊

ဘုန်းတော်ကြီးကျောင်းဆရာတော်၏ ဦးဆောင်မှုဖြင့် တရားပွဲများကျင်းပခြင်း) အမျိုးသမီးများသည် အမျိုးသားနှင့်

အတူ ပူးပေါင်းဆောင်ရွက်ကြသည်။ စိုက်ပျိုးရေးနှင့် ကျပန်းလုပ်ငန်းများတွင် အမျိုးသားများသည် အမျိုးသမီးများ

ထက် လုပ်အားခ ပိုမို ရရှိကြပါသည်။ ဒေသတွင်းအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များတွင် အမျိုးသမီးများ၏

အခန်းကဏ္ဍနည်းပါးနေသေးကြောင်း တွေ့ရသည်။ မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေးအထိ ကျားမ

တန်းတူအခွင့်အရေးရှိပါသည်။

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၊ အဟန့်အတားများနှင့်

ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် 11KVခါတ်အားလိုင်းမှာ ကျေးရွာနှင့် (၁) မိုင်အကွာတွင် တည်ရှိပါ

သည်။ကျေးရွာလူထုထံမှ လျှပ်စစ်မီးလင်းရေးအတွက် ထိုက်သင့်သောငွေကြေးများ စုဆောင်းထားရှိသော်လည်း ငွေကြေးမလုံလောက်ခြင်း နှင့် နည်းပညာပိုင်းဆိုင်ရာလက်လှမ်းမီမှု အားနည်းပါသည်။

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် 11KVမါတ်အားလိုင်းသည် ကျေးရွာနှင့်

(၁) မိုင်အကွာတွင် တည်ရှိပါသည်။ ကျေးရွာလူထုထံမှ လျှပ်စစ်မီးလင်းရေးအတွက် ထိုက်သင့်သော ငွေကြေးများ

စုဆောင်း ထားရှိပါသည်။ ကျေးရွာလူထုမှလည်း တက်ကြွစွာ ပူးပေါင်းဆောင်ရွက်နိုင်မှု အားကောင်းပါသည်။

ကျေးရွာ၏ ကဏ္ဍအသီးသီးမှ လက်ရှိဖွံ့ဖြိုးမှု အခြေအနေများတွင် ပညာရေးအနေဖြင့် အခြေခံပညာမူလတန်း(လွန်)

ကျောင်းအဆင့်ထိ ပညာသင်ကြားခွင့်ရရှိနေပြီ ဖြစ်ပါသည်။ နည်းပညာပိုင်းဆိုင်ရာနှင့် ငွေကြေးထောက်ပံ့မှုများ

လက်လှမ်းမီမှုရှိပါက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် လုပ်ကိုင်ဆောင်ရွက်နိုင်သည့် အထောက်အပံ့

ဖြစ်စေပါမည်။

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာလူထုထံမှ လျှပ်စစ်မီးလင်းရေးဆောင်ရွက်နိုင်ရန် ထိုက်သင့်သော

ငွေကြေးများ စုဆောင်းထားရှိသော်လည်း လုံလောက်မှုမရှိသည့်အတွက် ဆောင်ရွက်နိုင်ခြင်း မရှိပါ။ လျှပ်စစ်မီးလင်း

ရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် ပံ့ပိုးမှုငွေကြေး အခက်အခဲများရှိခြင်း ၊ နည်းပညာပိုင်းဆိုင်ရာနှင့် လက်လှမ်းမီမှု

အားနည်းခြင်း စသည့်အချက်များကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားဖြစ်စေပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်(၅)နှစ်တာ ကာလ

အတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်-

(၁) မိမိတို့နေထိုင်သောကျေးရွာသည် ဘာသာရေး ၊ ပညာရေး ၊ စီးပွားရေး ၊ လူမှုရေး စသည့် ဖွံ့ဖြိုးရေး

လုပ်ငန်းများကို အတူတကွစုပေါင်းဆောင်ရွက်ခြင်းဖြင့် စည်းလုံးညီညွတ်သော စံပြကျေးရွာ ဖြစ်လာ

စေရမည်။

(၂) မိမိတို့နေထိုင်သော ကျေးရွာသည် သတင်းအချက်အလက်နှင့် နည်းပညာဗဟုသုတ တိုးတက်ကောင်း

မွန်လာမည်ဖြစ်သဖြင့် အသိအမြင် ကျယ်ပြန့်လာခြင်း၊ လျှပ်စစ်မီးရရှိလာသောကြောင့် တပိုင်တနိုင်

အိမ်တွင်းမှု စက်မှုလုပ်ငန်းများ လုပ်ကိုင်လာနိုင်ခြင်း၊ လက်ယက္ကန်းမှ စက်ယက္ကန်းဖြင့် အဆင့်မြင့်

ဆောင်ရွက်လာနိုင်ခြင်းကြောင့် ကျေးရွာ၏ လူမှုစီးပွားအခြေအနေများ ပိုမိုကောင်းမွန်လာမည် ဖြစ်ပါ

သည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြသော ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများ အောင်မြင်ရန်

အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်-

ကျေးရွာတွင် နည်းပညာပိုင်းဆိုင်ရာနှင့်၊ ငွေကြေးထောက်ပံ့မှုများ ရရှိရေးတို့ကို ဆောင်ရွက်ပြီး

ကျေးရွာသူ/ သားများအားလုံး တက်ကြွစွာ ပူးပေါင်းပါဝင်၍ ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်

သွားမည်။

နိဂုံး

ကျေးရွာလူထု၏လူနေမှုဘဝဖွံ့ဖြိုးတိုးတက်စေရန် လုပ်ငန်းများဆောင်ရွက်ရာတွင် ကျေးရွာလူထု၏ ပူးပေါင်း

ပါဝင်မှုရရှိရေး၊ လိုအပ်သောအထောက်အပံ့များရရှိရန် ပြင်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရေး

အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီအနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖွံ့ဖြိုးရေးကွင်းဆက်ပါလုပ်ငန်းများ

ကိုလည်း (၅) နှစ်တာကာလအတွင်း အောင်မြင်ပြီးမြောက်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်

ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၀	၁၂	၂၂
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၃၁	၂၇	၅၈
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၆၇	၅၄	၁၂၁
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၇၈	၆၃	၁၄၁
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၄၀၅	၄၇၇	၈၈၂
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၂၈	၃၆	၆၄
စုစုပေါင်း		**၆၁၉**	**၆၆၉**	**၁၂၈၈**
စုစုပေါင်း အိမ်ထောင်စု		**၂၅၈**		

လေ့လာတွေ့ရှိချက်။ အိုင်သာကျေးရွာတွင် သက်ကြီးရွယ်အိုနှင့် ကလေးသူငယ်လူဦးရေ အနည်းဆုံးဖြစ်၍ အလယ်တန်းကျောင်းသားအရွယ်နှင့် အလုပ်လုပ်နိုင်သည့် အရွယ်မှာ အများဆုံးဖြစ်သည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၄၉	၂၈၈	၆	မြင့်☑လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၁၄၄	၅၀	၈	မြင့်☐လတ်☑နိမ့်☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၅	၈	၄၈	မြင့်☐လတ်☐နိမ့်☑
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း	၁	၁		မြင့်□လတ်□နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	၄	၄		မြင့်□လတ်□နိမ့်☑
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင်လုပ်ငန်း	၁	၃		မြင့်□လတ်□နိမ့်☑
	အလုပ်သမား / ဝန်ထမ်း		၁		မြင့်□လတ်□နိမ့်☑
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင်လုပ်ငန်း	၃၁	၃၆		မြင့်□လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၁	**လက်လီ–လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင်လုပ်ငန်း	၅	၅		မြင့်□လတ်□နိမ့်☑
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင်လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၇	**ပညာရေး**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၁	၃		မြင့်□လတ်□နိမ့်☑
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၁	၁		မြင့်□လတ်□နိမ့်☑
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင်လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၄၅	၁၉	၂၃၉	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း		၁၅၅		မြင့်□လတ်□နိမ့်□
	စုစုပေါင်း	၂၅၈	၅၇၄	303	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"အရေအတွက်တွင်**"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ - **"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု**"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ အခြေခံအချက်အလက်အရ အိုင်သာကျေးရွာတွင် အပ်ချုပ်လုပ်ငန်း၊မွေးမြူရေးလုပ်ငန်း၊ လက်သမားလုပ်ငန်းနှင့် လက်လီလက်ကားလုပ်ငန်းအနည်းငယ်လုပ်ကိုင်ကြပါသည်။ ကျေးရွာ၏အဓိက လုပ်ငန်းမှာ တောင်သူ(စိုက်ပျိုးရေး)လုပ်ငန်းလုပ်ကိုင်ကြသည်ဖြစ်ရာ ရာသီဥတုမမှန်၍ ဤလုပ်ငန်းသည် အားထားမရရ၍ ပြည်ပထွက် အလုပ်လုပ်ကိုင်ကြပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၇၀၀၀	၄၀၀၀၀	၅၀၀၀	၃၅၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၇၀၀၀	၄၀၀၀	၅၀၀၀	၃၅၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	-	-	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ အိုင်သာကျေးရွာတွင် အလုပ်သမား နေ့ထွက်ခနှုန်းမှာ ယောကျ်ားတစ်ယောက်၏ လုပ်အားခ မှာ အများဆုံး (၇၀၀၀)နှင့် အနည်းဆုံး(၅၀၀၀)ကျပ်ရှိ မိန်းကလေးတစ်ယောက်၏ လုပ်အားခမှာ အများဆုံး (၅၀၀၀)နှင့် အနည်းဆုံး (၃၅၀၀)ကျပ် ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၈) သဘာဝရင်းမြစ်များ

(၈-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၁၀၂၃.၅	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ	၂၄၃.၈၄	ကောင်း ☐	သင့်☑	ညံ့ ☐
ကိုင်း/ကျွန်းမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ဓနိတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	၁၀	ကောင်း ☐	သင့်☑	ညံ့ ☐
မြေလွတ် မြေလပ်	၂၂	ကောင်း ☐	သင့်☐	ညံ့ ☑
စုစုပေါင်း	၁၂၉၉.၃၄	☒		

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ အိုင်သာကျေးရွာလေ့လာတွေ့ရှိချက်အရ စိုက်ပျိုးနိုင်သော မြေဧရိယာ ယာမြေနှင့် ဥယျာဉ်ခြံမြေအများအပြားရှိ၍ စားကျက်မြေနှင့်မြေလွတ်မြေမှာအနည်းငယ်သာရှိပါသည်။ မြေဆီလွှာအရည်အသွေး မှာ အသင့်အတင့်သာရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☑
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ☑ သင့်☐ နည်း☐ မရှိ☐	လွယ်☑ ခက်☐ အသုံးမပြုနိုင်ပါ ☐

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ☐ သင့်☑ နည်း☐ မရှိ☐	လွယ်☐ ခက်☑ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☑ နည်း☐ မရှိ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ အိုင်သာကျေးရွာ သဘာဝရင်းမြစ်များရှာဖွေတွေ့ရှိချက်မှာ ကျောက်၊ သဲများပေါများ၍
သဘာဝအပင်မျိုးစိတ်များအသင့်အတင့်ရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၂၀ဧကအထက်	၁၅ဧကအထက်	၁၀ဧကအထက်	၅ကေအောက်
အိမ်အခြေအနေ	ကောင်း	သင့်	သင့်	ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	-	-	-	-
အဓိကစီးပွားရေး လုပ်ငန်း	စိုက်ပျိုးရေး အရောက်အဝယ်	စိုက်ပျိုးရေး သနပ်ခါးလုပ်ငန်း	စိုက်ပျိုးရေး	လက်လုပ်လက်စား
အိမ်ထောင်စု	၄၀	၆၆	၄၄	၁၁၆

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ အိုင်သာကျေးရွာ၏ဥစ္စာဓနအဆင့်သတ်မှတ်ချက်အရ အဆင်မပြေသောအိမ်ထောင်စုမှာ အများဆုံးဖြစ်၍ အဆင်ပြေသောအိမ်ထောင်စုမှာ အနည်းငယ်သာရှိပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား= _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား= _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= _____
၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား= _____ အထောက်အပံ့ယူ = _____

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
		ချေးယူ = _____ လုပ်အားခကြိုယူ= _____

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။
လေ့လာတွေ့ရှိချက်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	၁	၂	၃
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၁၈		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၃		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ အိုင်သာကျေးရွာတွင် ဆင်းရဲ၍ မိသားစုဦးရေများသည် အမျိုးသမီးဦးဆောင်သော အိမ် ထောင်စုအများအပြားတွေ့ရှိ၍ မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄နှစ်နှင့်အထက်နှင့် ဆင်းရဲ၍ မိသားစုဦးရေများသည့်မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စုမှာ အနည်းငယ်သာရှိပါသည်။

(c-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ အိုင်သာကျေးရွာ၏ ထိခိုက်သက်ရောက်မှုအခြေအနေလေ့လာတွေ့ရှိချက်အရ သဘာဝ ဘေးအန္တရာယ်များ အထိုက်အလျောက်ခံစားရ၍ စားနပ်ရိက္ခာဖူလုံမှု အသင့်အတင့်ရှိပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐
၁၅	ဆေးစွဲသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☑	လတ် ☐	နိမ့်☐	မရှိ ☐
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ အိုင်သာကျေးရွာ၏ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများလေ့လာတွေ့ရှိချက်အရ ရွှေ့ပြောင်းလုပ်သားများများပြား၍ ကျန်လက်လုပ်လက်စား၊ ကျပန်းများ၊ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသောအိမ်ထောင်စုနှင့် မြေယာမဲ့ဆင်းရဲသားတောင်သူများ ထိခိုက်နိုင်သည်ကို လေ့လာတွေ့ရှိရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ရေကော်မတီ	၁☐ ၂☑ ၃☐	၇	-	၇	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☑ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၂	ကျောင်းကော်မတီ	၁☐ ၂☑ ၃☐	၃	-	-	ပညာရေး☑ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၃	ဂေါပကအဖွဲ့	၁☐ ၂☐ ၃☑	၇	-	၇	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၄	လူငယ်အဖွဲ့	၁☐ ၂☑ ၃☐	၇	၄	၁၁	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐	ကောင်း ☐ သင့် ☑

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ညံ့ ☐
၅	တူရိယာအဖွဲ့	၁☐ ၂☐ ၃☑	၇	-	၇	ပညာရေး☐ဌေးကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၆		၁☐ ၂☐ ၃☐	-	-	-	ပညာရေး☐ဌေးကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၇		၁☐ ၂☐ ၃☐	-	-	-	ပညာရေး☐ဌေးကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ☐ သင့် ☐ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ဌေစုဌေချေးအဖွဲ့ စသည့်။
(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။
(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ အိုင်သာကျေးရွာအတွင်းရှိ အဖွဲ့အစည်းအသီးသီး၏ လုပ်ဆောင်မှုများ အောင်မြင်မှု ရှိသော်လည်း တစ်ဖွဲ့နှင့်တစ်ဖွဲ့ချိတ်ဆက်ဆောင်ရွက်မှု အားနည်းပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	ပက်မြန်မာ	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး☐ငွေကြေး☑ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၆		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း** (ပြည်တွင်း/ ပြည်ပ) (**ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊** Christian Aid Missions **စသည်**)

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း** (ပြည်တွင်း/ပြည်ပ) (**ဥပမာ** – Care International, Save the Children, Gret, Pact Myanmar **စသည်**)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် <u>ထည့်သွင်းဖော်ပြခြင်း မပြုပါရန်</u>။

လေ့လာတွေ့ရှိချက်။ အိုင်သာကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်း အနေဖြင့် ပက်မြန်မာအဖွဲ့အစည်းတစ်ခုတည်းသာ ရှိပါသည်။

(ခ) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၅၉	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၆၀	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၆၁	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၄၅	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၃၃	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၂၅၈	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ အိုင်သာကျေးရွာတွင် တောင်သူကြီးဦးရေထက် မြေယာမဲ့ဦးရေများပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် **ရေသွင်းဧရိယာ**

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ☑	ရှိ□ မရှိ☑ မဖြေဆိုပါ□
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ☑	ရှိ□ မရှိ☑ မဖြေဆိုပါ□
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ☑	ရှိ□ မရှိ☑ မဖြေဆိုပါ□
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ☑	ရှိ□ မရှိ☑ မဖြေဆိုပါ□
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ☑	ရှိ□ မရှိ☑ မဖြေဆိုပါ□
၆	လက်ငင်းရေတွင်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ☑	ရှိ□ မရှိ☑ မဖြေဆိုပါ□
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ☑	ရှိ□ မရှိ☑ မဖြေဆိုပါ□
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ☑	ရှိ□ မရှိ☑ မဖြေဆိုပါ□

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ အိုင်သာကျေးရွာသည် မိုးခေါင်ရေရှားဒေသဖြစ်သဖြင့် သီးနှံမျိုးစုံစိုက်ပျိုးရန် အခွင့် အလမ်းနည်းပါးပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစု ပေါင်း စိုက်	တစ်ဧက အထွက်နှုန်း	သီးနှံ စိုက်ပျိုး သည့် ကာလ	သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကိုသာ	အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ

	ဧက	ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ	ရွေးရန်)	ရွေးရန်)
ပဲစဉ်းငုံ	၁၀၀	တင်း	၃	၅	၄	ကဆုန်	ပြာသို	မြင့်□လတ်☑နိမ့်□	မြင့်□လတ်☑နိမ့်□
ပြောင်း	၁၅၀	တင်း	၃	၇	၅	နယုန်	တော်သလင်း	မြင့်□လတ်☑နိမ့်□	မြင့်□လတ်☑နိမ့်□
ပဲနီ	၁၀၀	တင်း	၂	၃	၂.၅	တော်သလင်း	နတ်တော်	မြင့်□လတ်☑နိမ့်□	မြင့်□လတ်☑နိမ့်□
မြေပဲ	၂၅၀	တင်း	၅	၇	၆	ကဆုန်	ပြာသို	မြင့်□လတ်☑နိမ့်□	မြင့်□လတ်☑နိမ့်□
သနပ်ခါး	၁၀၀	ပင်	၂၀၀	၄၀၀	၃၀၀			မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ အိုင်သာကျေးရွာတွင် ရာသီဥတုမမှန်ခြင်း၊ မြေဆီလွှာများမကောင်းခြင်းကြောင့် ပဲစဉ်းငုံ၊ နှံစားပြောင်း၊ မြေပဲနှင့် ပဲနီတို့မှ လွဲ၍ အခြားသီးနှံများ စိုက်ပျိုး၍ မရပါ။ ဥယျာဉ်ခြံမြေစိုက်ပျိုးရေး အနေဖြင့် ထန်းလျက်ကုန်ကြမ်းများ ထွက်ရှိပါသည်။ ၎င်းထုတ်ကုန်များကို ကုန်ချောအဖြစ်ပြောင်းလဲပြီး နိုင်ငံ တကာသို့ တင်ပို့နိုင်ပါက မိမိတို့ဒေသတွင်းရှိကျေးရွာများ စီးပွားရေးမှာ အချိန်တိုအတွင်း တစ်ဟုန်ထိုး တိုးတက်နိုင်ပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ထွန်စက်	၄	-	-	၂၀
လက်တွန်းထွန်စက်	၁၈	-	-	၄၀
အစေ့ချ ကိရိယာ	-	-	-	-
ရိတ်သိမ်းခြွေလှေ့စက်	-	-	-	-
ရိတ်သိမ်းစက်	-	-	-	-
ခြွေလှေ့စက်	-	-	-	-
ရေစုပ်စက်	-	-	-	-
ခြေနင်းရေတင်စက်	-	-	-	-
မြက်ရိတ်စက်	-	-	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ အိုင်သာကျေးရွာတွင် စိုက်ပျိုးရေးသုံးကိရိယာပိုင်ဆိုင်မှုမှာ လက်တွန်းထွန်စက် အများဆုံးတွေ့ရပြီး ထွန်စက်(၄)စီးသာရှိ၍ အခြားစက်ကိရိယာများမရှိပါ။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	**အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐**
လယ်ယာမြေ အသုံးချနိုင်မှု	**အလွန်ကောင်း☐ ကောင်း☑ သင့်တင့်မျှတ☐ မဖြေဆိုပါ☐**
စိုက်ပျိုးရေ အရင်းအမြစ်	**ပေါများ☐ အသင့်အတင့်ရှိ☐ မဖြေဆိုပါ☑**
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	**အလွယ်တကူရသည်☑ ရသည်☐ မဖြေဆိုပါ☐**
သီးနှံမျိုးစေ့ ရရှိနိုင်မှု	**မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည်☐** **သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည်☑မဖြေဆိုပါ☐**
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ဝယ်ယူရနိုင်သည်☐မဖြေဆိုပါ☑**
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့်အခြား ဓာတုဗေဒ သွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☑ဝယ်ယူရနိုင်သည်☐မဖြေဆိုပါ☐**
လုပ်သားရရှိနိုင်မှု	**အလွယ်တကူ ရနိုင်သည်☑ ရနိုင်သည်☐မဖြေဆိုပါ ☐**
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	**အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☐မဖြေဆိုပါ ☑**
သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု	**သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည်☐** **သီးနှံများကို ရောင်းချနိုင်သည်☑ မဖြေဆိုပါ ☐**

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ အိုင်သာကျေးရွာ၏ သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းအနေဖြင့် ချေးငွေရရှိနိုင်ခြင်း၊ ယာမြေရှိခြင်း၊ လုပ်သားအင်အားများရရှိနိုင်ကြောင်း တွေ့ရှိရပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	**မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန်☑ မဖြေဆိုပါ☐**
လယ်ယာမြေ အသုံးချနိုင်မှု	**လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☑** **လယ်ယာမြေဆုံးရှုံးမှုများသည် ☐** **လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☐** **ပလပ်မြေများရှိသည် ☐** **ပလပ်မြေအသင့်အတင့်ရှိသည်☐ မဖြေဆိုပါ☐**
စိုက်ပျိုးရေ အရင်းအမြစ်	**အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑**
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	**အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑**
သီးနှံမျိုးစေ့ ရရှိနိုင်မှု	**အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑**
သဘာဝဗေဒဆွေး / အော်ဂဲနစ် မြေဩဇာနှင့်အခြား အော်ဂဲနစ် သွင်းအားစုများ	**အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑**
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	**အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑**
လုပ်သားရရှိနိုင်မှု	**အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑**
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	**အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑**
သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု	**သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ☐** **သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ☐** **မဖြေဆိုပါ ☑**
ဖျက်ပိုးနှင့် ရောဂါကျရောက်မှု	**ဆိုးရွားစွာကျ☐ အသင့်အတင့်ကျ☑ အနည်းငယ်☐** **မဖြေဆိုပါ☐**

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

